

# နတ်ဘုရားပုခက်

(The cradle series)

ဘာသာပြန် - ဇနး (ရိုးရာ)

စာစဉ်-၆

# အပိုင်း(၇၁)

*

"ဘာလို့များ နောက်တစ်ခါ ဆိုတာ ရှိလာရမှာလဲ..."

အနောက်ဘက်ရှိ တံခါးတစ်ချပ် ပွင့်ဟသွားပြီး အရိပ်ကျနေသော လှေကားထစ်များကို မြင်တွေ့လိုက်ရသည်။ ထို့နောက် အကြီးအကဲ ရာမ် အခန်းထဲသို့ ဝင်ရောက်လာလေသည်။ သူတို့က သူ၏ အိပ်စက်ခြင်းကို အနှောင့်အယှက် ပေးခဲ့ခြင်း ဖြစ်ရမည်။ အဘယ်ကြောင့်ဆိုသော် သူသည် ပုံပန်းသဏ္ဍာန်မဲ့နေသော အဖြူရောင် ဝတ်ရုံတစ်ထည်ကိုသာ ဝတ်ဆင်ထားသောကြောင့်ပင်။ သူ့ထံတွင် တံဆိပ်ပြားပင် မ

ပါရှိပေ။ ခါးကိုင်းပြီး အသက်အရွယ်ရနေသော သူ၏ ခန္ဓာကိုယ်သည် လက်တစ်ဖက်ရှိ တုတ်ကောက်ကို အားပြု မှီထားသည်။ အခြား လက်တစ်ဖက်တွင်တော့ သွယ်လျသော ဓားတစ်လက်ကို ကိုင်ဆောင်ထားလေသည်။ ထိုဓားမှာ လုံးဝ တုန်ခါနေခြင်း မရှိပေ။

"နောက်ထပ် အခွင့်အရေး ထပ်ရလိမ့်မယ်လို့ မင်း ထင်နေရင်တော့... မင်း ငါ့ကို အထင်သေး လွန်းသွားပြီ..."

ရာမ် က ပြောလိုက်သည်။ သူက လင်းတုန်းကို တစ်ချက် လှမ်းကြည့်လိုက်သည်။

"ငါ့ဆီကနေ မခိုးဖို့ မင်းကို ငါ ပြောထားခဲ့တယ်ထင်တာပဲ..."

"ဒီငယ်သား အခုပဲ နောင်တရနေပါပြီ... ဂုဏ်သရေရှိ အကြီးအကဲ..."

လင်းတုန်းက သူ၏ လက်သီးနှစ်ဖက်ကို ဆုပ်

ကာ အရိုအသေပေးရင်း ပြောလိုက်သည်။ ယဉ်ကျေးပျူငှာမှုက ယခုအချိန်တွင် သူ့ကို မ ကယ်တင်နိုင်သော်လည်း၊ ဆိုးကျိုးတော့ မဖြစ် စေနိုင်ပေ။

"သူ့ဆီကို မိတ်ဆွေတွေ ရောက်လာလိမ့်မယ်..."

ယီရင်က လက်တစ်ဖက်ကို ခားပေါ်တင်ကာ မျက်လုံးများကို မော့်ပစ္စည်း များဆီ စိုက်ကြည့် ရင်း ပြောလိုက်သည်။ သူမက အကြီးအကဲ ရာမ် ကို လှည့်တောင် မကြည့်ခဲ့ပေ။

"ဆုကြေးကို ယူလိုက်... ပြီးရင် ဒီအဘိုးကြီးကို ငါ မြေမြှုပ်နေတုန်း နင့်ရဲ့ အိတ်ကပ်တွေကို အပြည့်ဖြည့်ထားလိုက်..."

"နင် သူ့ကို သတ်ပစ်စရာ မလိုပါဘူး..."

လင်းတုန်းက ကြားဖြတ် ပြောလိုက်သည်။

"သူက ငါ့အပေါ် ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့တာပါ..."

သူမသည် ဓားကို ဆုပ်ကိုင်ထားမှုမှ မလျှော့ချခဲ့ပေ။

"တကယ်လို့ သူ အသက်ရှင်နေမယ် ဆိုရင်တော့… သူ့ကို ငါ အဆုံးစီရင်မှာ မဟုတ်ဘူး… အဲဒါက နင့်အတွက် ငါ အကောင်းဆုံး ပေးနိုင်တဲ့ ကတိပဲ… ဘာလို့လဲဆိုတော့ မတိုက်ခိုက်ပဲ ငါ ဒီကနေ ထွက်သွားမှာ မဟုတ်လို့ပဲ…"

မှော်ပစ္စည်းများက ယခုထိ တိုက်ခိုက်ခြင်း မရှိသေးပေ။ ၎င်းက သူတို့သည် ရာမ် ကိုယ်တိုင် ဖြေရှင်းနိုင်သည့် အချိန်အထိ သူခိုးများကို ထိန်းချုပ်ထားရန် အမိက ဒီဇိုင်းထုတ်ထားခြင်း ဖြစ်ကြောင်း ဆိုလိုလေသည်။ သို့သော် အကယ်၍ ရာမ် က တိုက်ခိုက်ရန် အမိန့်ပေးလိုက်လျှင် သို့မဟုတ် ယီရင်က သူမကိုယ်သူမ ခြိမ်းခြောက်မှု တစ်ခုအဖြစ် ပြသလိုက်လျှင်တော့၊ ၎င်းတို့က ထိုမျှ ငြိမ်သက်နေတော့မည်

မဟုတ်ပေ။

လင်းတုန်းသည် မှော်ပစ္စည်း များမှသည် ယီရင်ထံသို့ လှမ်းကြည့်လိုက်သည်။

"နင်က တိုက်ခိုက်ချင်တာလား..."

"ငါက ဒီနေရာကို ပြောင်သလင်းခါအောင် ရှင်းပစ်ချင်တာ..."

လင်းတုန်းဘက်သို့ လှည့်ကြည့်လိုက်ချိန်တွင် သူမ၏ သင်တုန်းဓားကဲ့သို့ ဖြောင့်စင်းသော ဆံပင်များ လှုပ်ခါသွားသည်။ ထို့နောက် လေးပင်သော အကြည့်တစ်ချက်ဖြင့် သူမက စကားများကို အလေးအနက်ထား ပြောလိုက်သည်။

"ကျင့်စဉ်သိုင်းပညာရပ်တွေက အများကြီး ကုန်ကျတယ်... အခု သွားတော့..."

လင်းတုန်းကို နောက်တစ်ကြိမ် ထပ်ပြောစရာ မလိုတော့ပေ။

အခိုက ဦးစားပေးရမည့်အရာမှာ ဝိညာဉ်-ချိတ် ပိတ်စာရွက် ပင် ဖြစ်သော်လည်း၊ ကျင့်စဉ်သုံး ရေးဟောင်းပစ္စည်းများ အပြည့်ရှိနေသော အခန်းတစ်ခန်းကို သူ ဘယ်လိုလုပ် လျစ်လျူရှု ကျော်ဖြတ်နိုင်မည်နည်း။ ဤအချက်ကို ယီရင်က လည်း သိသာစွာ သဘောတူလေသည်။ အဘယ်ကြောင့်ဆိုသော် ပထမဆုံး မှော်ပစ္စည်း က ရွှေရောင် အလင်းတန်း တစ်ခုကို ပစ် လွှတ်လိုက်ချိန်တွင်၊ သူမက ၎င်းကို သူမ၏ ဓား ဖြင့် အခြား သေတ္တာတစ်ခုဆီသို့ ရောင်ပြန်ဟပ် သွားစေခဲ့သောကြောင့်ပင်။ ထိုအလင်းတန်းက ဖန်သေတ္တာ၏ အပေါ်ပိုင်းကို ပိုင်းဖြတ်သွား သော်လည်း အတွင်းရှိ ရေးဟောင်းပစ္စည်းကိုမူ လုံးဝ မထိခိုက်စေခဲ့ပေ။ ဒုတိယ မှော်ပစ္စည်း က ပစ်ခတ်လိုက်သောအခါ၊ သူမ၏ အနောက်ဘက် ရှိ သေတ္တာကို မထိမှန်စေရန် သူမက နေရာရွှေ့ လိုက်လေသည်။

သူမသည် ကောင်းကင် ဂုဏ်သရေ အကြီးအကဲ တစ်ဦးနှင့် သူ၏ လုံခြုံရေး မှော်ပစ္စည်း နှစ်ခုကို တိုက်ခိုက်နေခြင်း ဖြစ်သည်။ ထို့အပြင် ပတ်လည်ရှိ ရတနာ တစ်ခုကိုမျှ မထိခိုက်စေဘဲ ထိုသို့ တိုက်ခိုက်ရန် သူမ ရည်ရွယ်ထားလေသည်။ သူမ၏ စကားများအရ သုံးသပ်ကြည့်ရလျှင်၊ သူမတွင် အပြည့်အဝ ယုံကြည်မှု ရှိနေလေသည်။

တစ်နေ့နေ့တွင် ယီရင် ကဲ့သို့ ဖြစ်လာရန် လင်းတုန်း မျှော်လင့်မိလေသည်။

အကြီးအကဲ ရာမ် သည် တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာပြီးနောက်၊ အလင်းများဖြင့် ဖွဲ့စည်းထားသော ဖန်သားပြင် တစ်ခုက သူမ၏ အနောက်ဘက်တွင် ပေါ်လာကာ သူမကို ပိတ်လှောင်လိုက်လေသည်။ လင်းတုန်းသည် ထိုကိစ္စကို သူတို့ဘာသာ ရှင်းလင်းရန် ထားရစ်ခဲ့သည်။

မတိုက်ခိုက်နိုင်သဖြင့်၊ သူ အနည်းဆုံး လုပ်နိုင်သောအရာမှာ သူ၏ တာဝန်ကိုသာ အာရုံစိုက်ထားရန်ပင် ဖြစ်သည်။

သူ၏ အနောက်ဘက်မှ တိုက်ပွဲ အသံများကြားတွင် အာရုံစူးစိုက်ရန် ခက်ခဲလှသော်လည်း၊ ရာမ်ကို စစ်ကူပေးရန် တစ်စုံတစ်ယောက် ရောက်မလာမီ သူ့တွင် စက္ကန့်ပိုင်းမျှသာ အချိန်ရကြောင်း သူ သိလေသည်။ သူ ပါးနပ်စွာ အလုပ်လုပ်ရမည် ဖြစ်သည်။ မှန်သေတ္တာများကို တတ်နိုင်သမျှ မြန်မြန် ခွဲနိုင်မည့် အရာတစ်ခုခုကို သူ လိုအပ်သည်။ ထို့ပြင် နောက်ပိုင်း သူတို့၏ ထွက်ပြေးမှုကို အရှိန်မြှင့်တင်ပေးနိုင်မည့် အရာတစ်ခုခုကိုလည်း လိုအပ်လေသည်။

ပထမဆုံးအနေဖြင့်၊ ဖန်သားကို ခွဲရန်ဖြစ်သည်။ အခန်းဘေးဘက်ရှိ စင်များဆီသို့ သူ ပြေးသွားလိုက်ရာ၊ ထိုနေရာရှိ အကာအကွယ်မပါ

သော စင်များပေါ်တွင် ငွေတစ်ဝက် လက်နက်များကို ပြသထားလေသည်။ ၎င်းတို့သည် အခန်းတွင်းရှိ အခြား ရှေးဟောင်းပစ္စည်းများနှင့် နှိုင်းယှဉ်ပါက တန်ဖိုးပိုနည်းသဖြင့်၊ မှန်သေတ္တာထဲတွင် ထည့်သွင်းပြသခံရလောက်အောင် အဆင့်မမီကြပေ။

လင်းတုန်းသည် ငွေတစ်ဝက် ဓားမြှောင် တစ်လက်ကို ဆွဲယူလိုက်သည်။ ၎င်းက သာမန် ငွေနှင့်တူသော်လည်း၊ မျက်နှာပြင်အောက်တွင် ပိုမိုတောက်ပသော သတ္တုကြော အချို့က တလက်လက် လင်းလက်နေသည်။ ဓားသွားအတွင်း၌ ကြယ်တာရာ အစုအဝေး တစ်ခု ပါဝင်နေသည့်အလား ပင်။ ၎င်းက မှော်ဒြပ် များကို တစ်ဝက်တစ်ပျက် အရည်ပျော်နေသော ထောပတ်ကို ဖြတ်တောက်ရသည်ထက်ပင် ပိုမိုလျင်မြန်စွာ ဖြတ်တောက်သွားမည် ဖြစ်သည်။

သို့တိုင်အောင်၊ သူသည် ဝိညာဉ်-ချိတ်ပိတ် စာရွက် များဆီသို့ တန်းမသွားခဲ့ပေ။ သူသည် အခန်း၏ အနောက်ဘက်ဆီသို့ ပြေးသွားလိုက်သည်။ ထိုနေရာတွင် ရာမ် က သူ့ကို သံချေးရောင် တိမ်တိုက် တစ်ခု ပြသခဲ့ဖူးလေသည်။

မိုင်တစ်ထောင် တိမ်တိုက်သည် ၎င်း၏ သေတ္တာထဲတွင် သွေးရောင် မြူခိုးများကဲ့သို့ ပြည့်နှက်နေသည်။ လင်းတုန်း၏ ငွေတစ်ဝက်ဓားမြှောင်က သူ မျှော်လင့်ထားသည်ထက်ပင် ပို၍ အလုပ်ဖြစ်ခဲ့လေသည်။ ၎င်းက ဖန်သားကို တိုက်ရိုက် ရိုက်ခွဲပစ်လိုက်ရာ၊ အပူလှိုင်း တစ်ခု လွင့်စင်ထွက်လာလေသည်။ ထိုဖန်သားတွင် ရွှေရောင် အစွန်းများ ရှိပြီး၊ ၎င်းမှာ ပုံဆောင်ခဲ အဖြစ် ပြောင်းလဲထားသော ကောင်းကင် ဂုဏ်သရေ မာဒြာ ပင် ဖြစ်ရမည်။

အပိတ်အလှောင်ထဲမှ လွတ်မြောက်သွား

သောအခါ၊ တိမ်တိုက်သည် ၎င်း၏ အပြည့်အဝ အရွယ်အစားအထိ ဖောင်းပွလာလေသည်။ ၎င်းမှာ လုံးဝန်းပြီး အတော်လေး ကြီးမားကာ၊ အချင်း သုံးပေခန့် ရှိသည်။ ထို့ပြင် သူ ဖောက်ထွင်း မမြင်နိုင်လောက်အောင် သိပ်သည်းနေလေသည်။ ၎င်းက အခဲဒြပ်ဝတ္ထု တစ်ခုကို ထောက်ပံ့ပေးနိုင်လောက်အောင် ခိုင်မာသည့်ပုံ မပေါ်ပေ။ သို့သော် သူသည် တိမ်တိုက် မာဒြာ များ ဖြည့်သွင်းထားသော မွေ့ရာတစ်ခုနှင့် ကြီးပြင်းလာခဲ့သူ ဖြစ်သည်။ ၎င်းအပေါ်သို့ သူ ဖိချကြည့်လိုက်ရာ၊ ခေါင်းအုံး တစ်လုံးကို ဖိချရသကဲ့သို့ ရှိလေသည်။ ၎င်းက အမှတ်တစ်ခုအထိသာ ဝင်သွားပြီး၊ ထို့နောက်တွင်တော့ အခဲကဲ့သို့ မာကျောသွားလေသည်။

ဒါက သူတို့ရဲ့ ထွက်ပြေးရာ လမ်းကြောင်း ဖြစ်လာလိမ့်မည်။

ရှိ...

သေစေနိုင်သော ရွှေရောင် အလင်းတန်း တစ်ခုက သူ၏ ခေါင်းဘေးမှ တစ်ခဏမျှ ဖြတ်သန်းသွားလေသည်။ ၎င်းမှာ ငါးပေခန့် ကွာဝေးသော်လည်း အပူရှိန်ကို ခံစားရနိုင်လောက်အောင် နီးကပ်နေဆဲဖြစ်ရာ၊ သူသည် အောက်သို့ ကိုယ်ကို လျှော့ချ ဝပ်တွားလိုက်လေသည်။ မာဒြာ များက သူ၏ ကိုယ်တွင်းမှနေ၍ မိုင်တစ်ထောင် တိမ်တိုက် ထဲသို့ စီးဝင်သွားသည်။ ထိုအခါ ၎င်းက သူ ညွှန်ပြရာဘက်သို့ ရှေ့သို့ လွင့်မျောသွားလေသည်။

ဝိညာဉ်-ချိတ်ပိတ်စာရွက် များ ဘယ်မှာရှိသလဲ ဆိုတာကို သူ မှုန်ဝါးဝါး မှတ်မိနေသေးသည်။ ၎င်းတို့မှာ ဝိညာဉ်အကြွင်းအကျန် များကို ချည်နှောင်ပြီး ခြယ်လှယ်ရန် ကူညီပေးမည့် အစီအရင် များ ရေးဆွဲထားသော စက္ကူ ချိတ်ပိတ်

စာရွက် အစုအဝေးများ ဖြစ်လေသည်။ သူသည် ပြခန်း အတန်းများကြားတွင် တစ်ဝက်တစ်ပျက် တွားသွားကာ၊ အခန်း၏ အပြင်ဘက်ပိုင်းမှ ပတ်၍ သွားလေသည်။ ခုတ်ပိုင်းနေသော ဓား စွမ်းအား များနှင့် ခေါင်းအထက်တွင် လင်းလက်နေသော သေစေနိုင်သည့် အလင်းတန်းများကို ရှောင်ရှားရန် ဖြစ်သည်။

ထိုသို့ ပြုလုပ်နေစဉ်၊ ကောင်းကင် ဂုဏ်သရေ၏ ရတနာများကို သူ သဘောကျ သယ်ဆောင်သွားခဲ့သည်။ ပတ်ဝန်းကျင်ရှိ တိုက်ပွဲ၏ အန္တရာယ်ကပင် ထိုစိတ်လှုပ်ရှားမှုကို မဖုံးကွယ်နိုင်ခဲ့ပေ။

လင်းတုန်း၏ အရဲတင်းဆုံးသော နေ့ခင်းအိပ်မက် များထဲတွင်ပင်၊ ကျော်ကြားသော ကျင့်စဉ်သိုင်းပညာ ကျောင်းတော် တစ်ခု၏ ရတနာတိုက်ထဲမှ တစ်နေ့နေ့တွင် လွတ်လပ်စွာ

ရွေးချယ်ခွင့် ရလိမ့်မည်ဟု သူ တစ်ခါမျှ စိတ်ကူး မယဉ်ခဲ့ဖူးပေ။ သေစေနိုင်သော မာဒြာ များ ခေါင်းအထက်တွင် လင်းလက်သွားချိန်၌၊ သူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ထွက်ပေါ်လာလေ သည်။

'ဒီလို အရင်းအမြစ်တွေနဲ့ဆိုရင်... ဝိညာဉ်မဲ့ တစ်ယောက်တောင်မှ တိုးတက်လာနိုင်တယ်'

သူက ကျောပိုးအိတ်ထဲသို့ မထိုးထည့်မီ သူ ကောက်ယူလိုက်သမျှ အရာတိုင်းကို တစ်ချက် ကြည့်လိုက်သည်။ ပထမဆုံး၊ ခေါက်ထားသော အဖြူရောင် ကြယ်ကြာပန်း အဖူး နှင့် ဆယ်လ် ဗန် မြစ်-မျိုးစေ့ ပါဝင်သော မှန်ကန်ကို သူ ဆွဲယူ လိုက်လေသည်။ အတွင်းရှိ အပြာရောင် ဝိညာဉ် လေးက ၎င်း၏ သစ်ပင်တစ်ဝိုက်တွင် ဟိုဟိုဒီဒီ ပြေးလွှားနေသည်။ ထို့နောက် ၎င်း၏ တောင်ကုန်းငယ်လေးပေါ်တွင် မတ်တပ်ရပ်ကာ

သူ့ကို စပ်စုချင်စိတ်ဖြင့် လှမ်းကြည့်လေသည်။ ကပ်ပါး လက်စွပ် ကိုတော့ သူ၏ အိတ်ကပ်ထဲသို့ ထည့်လိုက်သည်။ အကယ်၍ အခြား အရာအားလုံးကို သူ စွန့်လွှတ်လိုက်ရပါက ၎င်းကို ကိုယ်နှင့်မကွာ သိမ်းထားချင်သောကြောင့် ဖြစ်သည်။ ထို့နောက် ဝိညာဉ်-ချိတ်ပိတ်စာရွက်များဆီသို့ သူ ရောက်ရှိသွားလေသည်။

ဓားမြှောင်က ဖန်သားကို အလွယ်တကူ ဖျက်ဆီးပစ်လိုက်သည်။ လင်းတုန်းသည် လက်လှမ်းကာ၊ ဖဲထုပ်တစ်ထုပ်ကဲ့သို့ ထပ်ထားပြီး ထိပ်တွင် ချည်နှောင်ထားသော လက်ဝါးအရွယ်အစား စက္ကူ ချိတ်ပိတ်စာရွက် အထူကြီးတစ်ထုပ်ကို ဆွဲယူလိုက်လေသည်။ စာရွက်တစ်ခုစီတိုင်းကို နက်ရှိုင်းသော စုတ်ချက်အလှများဖြင့် ဖုံးလွှမ်းထားသည်။ ၎င်းတို့သည် သူ စတင် နားလည်နိုင်စွမ်းမရှိသော အခြေခံမှုများ

အရ အစီအရင် များကို ဖွဲ့စည်းထားခြင်း ဖြစ်လေသည်။

ယခင်က သူ၏ အာရုံကို ဖမ်းစားထားခဲ့သော ဓားပျံ ပါဝင်သည့် ပြခန်းဆီသို့ သူ လျှောက်သွားလိုက်သည်။ သံမဏိအဆင့် သို့ သူရောက်ရှိသည်နှင့် တစ်ပြိုင်နက်၊ ၎င်းကို အသုံးပြုနိုင်မည် ဖြစ်သည်။ ယခုအခါ ယီရင် နှင့် အတူ သူ ခရီးသွားရတော့မည် ဖြစ်ရာ၊ ၎င်းက ပို၍ပင် တန်ဖိုးကြီးမားလာလေပြီ။ သူမကဲ့သို့သော ဓားပညာရှင် တစ်ဦးသည် ထိုကဲ့သို့သော လက်နက်မျိုးဖြင့် အံ့ဖွယ်အမှုများကို စွမ်းဆောင်နိုင်မည် ဖြစ်သည်။

***